

ဘာသာပြန် စာရေးဆရာ – မေနှင်းစိုး

# ဂိမ်းမာဝတာ ဓောရဝိဇ္ဇာ

## (နိုင်းယန်)

(Chapter 1 - 15)

စာစဉ် – ၁

# အပိုင်း(၁)
# ပြန်လည်ရှင်သန်ခြင်း

- ဝေဒနာခံစားရန် မွေးဖွားလာခြင်း သို့ သေဆုံးခြင်းသို့ ဦးတည်ရာ
- လိုအင်ဆန္ဒမပြည့်ဝခြင်းကြောင့် နာကြည်းခြင်း ခါးသီးခြင်းတွေ ပေါ်ပေါက်လာတယ်
- နာကျည်းခြင်း ခါးသီးခြင်းတွေကြောင့် လိုအင်ဆန္ဒတွေဟာ ပျောက်ကွယ်သွားရသလို
- ဖြစ်ချင်တာတွေကို ဖြစ်အောင် မလုပ်နိုင်ခဲ့ရင်လည်း နာကျင်မှုဝေဒနာတွေနဲ့အတူ စိတ်နှလုံးမသာမယာ ဖြစ်ကြရတာပဲ

ဗုဒ္ဓဘာသာမှာ လောကဓံ ၈ မျိုးသာရှိပေမဲ့ တို့များရဲ့ ဇာတ်လိုက်ကြီးကတော့ လောကဓံ ၅ခုထက်မနည်းကို နေ့စဉ် စဉ်ဆက်မပြတ် ခံစားနေရတယ် သူ့ရဲ့အသက် ၂၈ နှစ်မှာ သေခြင်းတရားနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် ဒီကံဆိုးမှုတွေဟာ ခဏတာပဲဖြစ်ခဲ့ရတယ် အဲ့ဒီအချိန်မှာ သူ့ရဲ့ဘဝဟာ အဆုံးသတ်မှ ဖြစ်တော့မှာမို့လဲ ဖြစ်ကောင်းဖြစ်နိုင်တာပဲ သို့တည်းမဟုတ် ကံကြမ္မာက စိတ်ကူးပေါက်ပြီး အချိုးအကွေ့တစ်ခုအဖြစ် ရောက်လာတာလဲ ဖြစ်ကောင်းဖြစ်နိုင်တာပဲ

နိုင်းယန် ပြန်လည်ရှင်သန်လာခဲ့တယ် နောက်ကျောဘက်က အဝတ်စကကျောမှာ စိုစွတ်ပြီးလာကပ်နေတာက စိတ်မသက်မသာစရာ အထိအတွေ့

ကြီးပဲ သူရဲ့နောက်ကျောဘက်ကနေ ဝိုးတဝါးခေါ်သံတစ်ခုကြားလိုက်ရပြီး မြေပေါ်ပြိုလဲကျသွားခဲ့တယ် သူ့ရဲ့သွေးတွေက မြေပြင်ပေါ်ကိုစီးကျလို့သွားခဲ့တယ်

" ဒါ သေခြင်းတရားပဲလား?"

လဲကျသွားတဲ့နေရာမှာ သူ ငြိမ်သက်စွာ လဲလျောင်းနေခဲ့တယ် ဒီတိုင်း တိတ်ဆိတ်ငြိမ်သက်စွာ ထွက်သွားရတော့မှာလား? ဒါ အေးဆေးငြိမ်သက်တဲ့ တိတ်ဆိတ်ငြိမ်သက်တဲ့သေခြင်းပဲလား?

နိုင်းယန်ဟာ ကာအိုဇုရဲ့ အိမ်ဂိတ်ပေါက်ပေါက်ဝနားက သူ့ရဲ့ ခြံခိုစခန်းမှာ ငါးရက်လုံးလုံး လဲလျောင်းရင်း တိတ်တဆိတ်နဲ့ သူ့ရဲ့ပစ်မှတ် ( ကာအိုဇု ) ကို မျှော်လင့်ချက်ကြီးစွာနဲ့ စောင့်စားနေခဲ့တယ်

ကာအိုဇုဟာ သူ့ရဲ့ ပစ်ကွင်းမှာ ပေါ်လာတဲ့အခါ နိုင်းယန်ဟာ စနိုက်ပါ ရိုင်ဖယ်ရဲ့မောင်းခလုတ်ကို ဆွဲချလိုက်ပြီး ကာအိုဇုရဲ့ဦးခေါင်းခွံထဲထိ ကျည်ဆံဖူးကို ပစ်လွှတ်လိုက်တယ် ပေါက်ကွဲသံတစ်ခုနဲ့အတူ သွေးများဟာ မြေပြင်ပေါ်ကို ဖြာကျသွားခဲ့တယ် သေနတ်ရဲ့အဝေးကြည့်မှန်ပြောင်းကနေ ကာအိုဇုရဲ့ ဦးခေါင်းခွံအပေါက်ကနေ သွေးတွေယိုစီးကျနေတာကို သူလှမ်းမြင်လိုက်ရတယ်

ကာအိုဇုရဲ့ မျက်ဝန်းတွေဟာ လေထုထဲကို ကြောင်တောင်တောင်နဲ့ငေးစိုက်ကြည့်နေခဲ့တယ်

နိုင်းယန်ရဲ့အတွေးထဲမှာ အဖြစ်အပျက်တွေဟာ ချာချာလည်နေခဲ့တယ်

ကာအိုဇုရဲ့ ဦးနှောက်ထဲကို အညိုးကြီးစွာနဲ့ ကျည်ဆန်တောင့်ပစ်သွင်းမိတဲ့ အချိန်ကိုပြန်တွေးရင်း စိတ်မသက်မသာစရာ ဖိအားတစ်ခုကို ခံစားနေရတယ် ခုလိုကျူးလွန်မိတာကလည်း သူ့ရဲ့ အမုန်းတရားတွေနဲ့ မနာလိုမှုတွေ

ကို ဟန်ဆောင်မထားလို့သာ ကျူးလွန်မိခဲ့တာပဲလေ

ကာအိုဇုဟာ အရမ်းကိုကြီးကျယ်ခမ်းနားလွန်းတဲ့ဘဝကို ပိုင်ဆိုင်ရပြီး ဘယ်တုန်းကမှ နိုင်းယန်လို လူမျိုးရဲ့လက်ထဲမှာ သေဆုံးရမယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့မိဘူး တစ္ဆေသရဲဘဝကို ကာအိုဇု ရောက်သွားခဲ့ရင်တောင် နိုင်းယန်ရဲ့ မုန်းတီးခြင်းတွေဟာ ဒီလောက်ထိခါးသီးမှာမဟုတ်ပါဘူး ဘာလို့လဲဆို သေခြင်းတရားမှာ လူတိုင်းဟာ အယုအလတ်အမြတ်မခွဲခြားပဲ ဝေဒနာနဲ့ ဆင်းရဲဒုက္ခကို ညီတူမျှတူခံစားကြရမှာမလို့လေ ဘယ်လောက်ထိ ကြွယ်ဝချမ်းသာနေပါစေ သူ( ကာအိုဇု)ရဲ့ ချမ်းသာမှုတွေက သူ့ကိုယ်သူပြန်လည်ရှင်သန်လာအောင် မစွမ်းဆောင်နိုင်ဘူးလေ

ကာအိုဇုဟာ မကောင်းဆိုးဝါးပေါင်းများစွာနဲ့ မိတ်ဖွဲ့ထားလေတော့ တမလွန်ဘဝမှာဆို သူ့ကို ကလဲ့စားချေဖို့ မဖြစ်နိုင်ဘူး

ကာအိုဇုရဲ့ ဦးခေါင်းပွင့်ထွက်သွားချိန်ကစလို့ နိုင်းယန်ရဲ့ ဘဝအပေါ်မြင်နေတဲ့ အမြင်တွေ အတွေးတွေဟာ ပြောင်းလဲသွားတယ်လို့ သူ့ကိုကိုယ်သူ သတိထားမိလိုက်တယ် ရိုင်ဖယ်က ပစ်လွှတ်လိုက်တဲ့ ကျည်တစ်တောင့်က ဘဝမှာဖြစ်ပျက်ခဲ့သမျှ အရာအားလုံးအတွက် အဆုံးအဖြတ်မပေးနိုင်ဘူး သေချာတစ်ခုကတော့ နောက်နေ့ မနက်ပိုင်းသတင်းစာရဲ့ အရှေ့ဆုံးစာမျက်နှာ ခေါင်းစီးသတင်းမှာ သူ( ကာအိုဇု)ရဲ့ပုံအကြီးကြီးပါလာလိမ့်မယ် ပြီးတော့ ခေါင်းစဉ်မှာရေးထားတာက ' မီလျံနာသူဌေးကြီး ကာအိုဇု အလုပ်ကြံခံရခြင်း ' ဆိုပြီးတော့ပေါ့ အောက်ပိုင်းမှာတော့ ကိုယ်တစ်ပိုင်း ( passport) ပုံလေးနဲ့အတူ အချို့သောသူတွေရဲ့ ဆုတောင်းပေးစာတွေ ထည့်ပေးထားလိမ့်မယ်

နိုင်းယန်က ကာအိုဇုကိုလုပ်ကြံပြီးပြီးချင်း ကာအိုဇုရဲ့ အထူးဘော်ဒီဂတ်တွေဟာ သူ( နိုင်းယန်) ရဲ့ ပုန်းကွယ်နေရာကို ရှာတွေ့သွားကြပြီး ချက်ချင်း

နောက်ကလိုက်လာခဲ့တယ် သူတို့တွေဟာ နိုင်းယန်ကို သေနတ်တွေနဲ့ ပစ်ခတ်ကြပြီး တစ်ခုသော ကျည်ဆန်တစ်ချက်က သူ့ရဲ့နောက်ကျောဘက်ကို ထိမှန်ခဲ့တယ်

သေနတ်နဲ့အပစ်ခံလိုက်ရတဲ့အတွက်ကြောင့် အလွန်တရာနာကျင်လှတဲ့ ဝေဒနာကို သူခံစားလိုက်ရတယ် သူ့ရဲ့ခန္ဓာကိုယ်ထဲကနေ အသက်ဝိညာဉ်ဟာဖြေးညင်းစွာထွက်သွား နေတဲ့အလျောက် သူ့ရဲ့နှလုံးသားဟာလည်း တဖြေးဖြေးနဲ့အေးခဲလာခဲ့တယ်

ငါတကယ်ပဲ သေရတော့မှာလား? လို့သူတွေးရင်း ခပ်ဖျော့ဖျော့လေး ရယ်လိုက်တယ် သူ့ဘဝရဲ့မရေရာမသေချာခြင်းတွေ တုံ့ဆိုင်းနောင့်နှေးမှုတွေနဲ့ ဘဝရဲ့ခါးသီးမှုတွေကို ပြန်တွေးရင်း သူခပ်မဲ့မဲ့လေး ရယ်မိခဲ့တယ် သေလုဆဲအချိန်မှာပဲ အမှန်တရားကို သူတွေးမြင်နိုးထမိတယ်

ဒီလိုနားလည်မိတဲ့ ခဏတာအခိုက်အတန့်မှာပဲ သူ့ရဲ့ပါးပြင်ပေါ်ကို မျက်ရည်စတွေကစီးကျလာခဲ့တယ်

သူ့ရဲ့မိဘတွေကို မုန်းတီးနေခြင်းဟာလည်း ပျောက်ကွယ်ရပ်စဲသွားခဲ့တယ် အတိတ်ကအကြောင်းတွေဟာ သူ့ရဲ့ခေါင်းထဲမှာ ရုပ်ရှင်ပိတ်ကားတစ်ချပ်လို ပြန်မြင်ယောင်နေမိတယ် တဖြေးဖြေးပျောက်ကွယ်နေပြီဖြစ်တဲ့ ကမ္ဘာမြေပေါ်ကသူ့ရဲ့အချိန်တွေထဲမှာ သူအတမ်းတမိဆုံးက သူမရဲ့မေးမိုန်ဖျော့တော့ပြီး အပြစ်ကင်းစင်တဲ့အပြုံးလေးကိုပါပဲ အချိန်တွေကုန်လွန်လာခဲ့ပေမဲ့ သူမကို ဘယ်လိုမှမေ့ပစ်ဖို့ မဖြစ်နိုင်ခဲ့သလို သတိတရဖြစ်နေမိတယ်

သူအရမ်းပဲသိချင်နေမိတာက တကယ်လို့ သူမသာ သူ( နိုင်းယန်) သေဆုံးခြင်းသတင်းကို ကြားမိရင် ဒါမှမဟုတ် သူနဲ့အတူ ကာအိုဇုကိုပါ သေစေခဲ့ပြီ ခေါ်ဆောင်သွားခဲ့ပြီ ဆိုတာကို သိရင် သူမ သက်ပြင်းအကြိမ်ကြိမ်ချပြီး ငိုကျွေးနေမလား ပူဆွေးသောကတွေ ရောက်နေရှာမ

လားလို့လေ

အတိတ်က အဖြစ်အပျက်တွေဟာ ကန့်အသတ်အတားအစီးတွေကို ချိုး ဖောက်ပြီး စီးဝင်လွှတ်မိုးဖို့ ကြိုးစားနေခဲ့တယ် အခုချိန်မှာ သူ့ရဲ့စိတ်တွေ ဟာ ဆောက်တည်ရာမဲ့ ကစဥ့်ကလျားဖြစ်နေမိတယ် သူအတော်လေး နောင်တတွေ ရနေမိတယ် တခါတရံမှာ တစ်စုံတစ်ခုရဲ့ အမှန်တရားကို နားလည်သဘောပေါက်ခဲ့ပေမဲ့ ပြန်ပြင်ဖို့အတွက်တော့ အဲ့အချိန်မှာ နောက်ကျခဲ့တာမျိုးတွေချည်းပါ ဒီဘဝမှာ သူ့အတွက်တော့ နောင်တရစရာ တွေအများကြီးရယ် မပြည့်ဝခဲ့တဲ့ ဆန္ဒတွေအများကြီးရယ်နဲ့ပါ

နိုင်းယန်ဟာ လေဟာနယ်အလွတ်ထဲကို တစ်စုံတစ်ခုကို ဖမ်းဆုပ်မိလိုမိ ငြား လက်ကိုဆန့်တန်းမိလိုက်တယ် အရာအားလုံးဟာ တဖြေးဖြေးနဲ့ သူမ မှီနိုင်တဲ့ဟိုအဝေးမှာ ကျန်နေခဲ့တာကြောင့် သူ့ရဲ့စိတ်အစဉ်မှာ တုန်လှုပ် ခြောက်ခြားနေမိခဲ့တယ် ဘဝဟာအဆုံးသတ်ခဲ့ပြီ ဦးခေါင်းထက်မှာတော့ အဆုံးအစမရှိနက်ရှိုင်းတဲ့ ဟင်းလင်းပြင်အနက်ကြီးကိုသာ မြင်နေရတယ်

တုန်လှုပ်ခြောက်ခြားမှု နဲ့ နောင်တပေါင်းများစွာက အလွန်ချွန်ထက်တဲ့ ဓားမြှောင်တစ်ချောင်းလိုပဲ သူ့ရဲ့နှလုံးသားကို အချက်ပေါင်းများစွာ ထိုးနှက် နေတာ သည်းမခံနိုင်အောင် နာကျင်လွန်းလှတယ်

" ငါ့ရဲ့ အတိတ်ဘဝမှာ အရင်က ကောင်းကင်ဘုံကို ဘာအပြစ်တွေများ လုပ်ခဲ့ စော်ကားခဲ့မိလို့ ခုလိုပုံစံမျိုးနဲ့ အပြစ်ပေးခံရတာလဲ "

နိုင်းယန်ရဲ့ မကျေနပ်မှုတွေဟာ ကောင်းကင်ဘုံဆီ လွင့်ပျံသွားခဲ့တယ် သူ အလွန်ပဲ ခါးသီးနာကျင်နေခဲ့ပြီ သူဟာ မကျေမနပ်အော်ဟစ်လိုက်ပြီး မျက်ရည်တွေဟာလည်း ပါးပြင်ပေါ်မှာ အဆက်မပြတ် တလိမ့်လိမ့်စီးဆင်း ကျလာခဲ့တယ်

ဒီအခြေအနေဟာ တစ်သက်လုံး အမြဲတည်မြဲတော့မယ် ပုံစံဖြစ်နေပြီး

နိုင်းယန် ကိုယ်တိုင်လည်း အချိန်ဘယ်လောက်ကြာသွားလဲ သတိမထားမိခဲ့ဘူး နောက်ဆုံးတော့ သူရဲ့စိတ်ဟာ ငြိမ်သက်သွားပြီး ကြည်လင်အေးချမ်းလာခဲ့တယ်

သူတွေးတောနေစဉ်တလျှောက်လုံး သူ့ရဲ့စိတ်ဟာ နှိုးကြားနေခဲ့တယ်

" ဒါ ဖြစ်နိုင်လား ဒါဟာ သေခြင်းတရားပဲလား သေချာတာကတော့ ငါဟာ ဝိညာဉ်တစ်ကောင်ဖြစ်နေလောက်ပြီ "

နိုင်းယန်ဟာ အချိန်အတော်အကြာကြီး သူ့ရဲ့ လက်ချောင်းတွေမှာ အထိအတွေ့အာရုံတွေကိုခံစားနေရတယ် ပြီးတော့ အဲ့အထိအတွေ့ကလဲ တကယ့်အစစ်အမှန်လိုပါပဲ

" ဘာလို့ အခုတစ်လျှောက်လုံး ငါဟာ သတိရှိနေသေးတာလဲ ? "

ရုတ်တရက် သူထထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို လှေလာလိုက်မိတယ် ဘာမှမရှိတဲ့ ဗလာနတ္ထိကွက်လပ်ကြီးကို ငေးကြည့်လိုက်ပြီး

" ဒါဟာ တကယ်ပဲ ငါတကယ်ပဲ မြေအောက်ကမ္ဘာ ငရဲပြည်ကိုရောက်သွားခဲ့တာလား?"

နိုင်းယန်ရဲ့ မြင်ကွင်းတွေဟာ.မှုန်ဝါးနေရာကနေ တဖြည်းဖြည်းကြည်လင်ပြတ်သား လာခဲ့ပြီး  သူပတ်ဝန်းကျင်ကို ကြည့်မိတော့ မြင်ကွင်းဟောင်းတစ်ချို့က သူ့ရဲ့အမြင်ထဲကို ဝင်ရောက်လာခဲ့တယ် သစ်သားကုတင်အဟောင်းတစ်လုံးရယ် ထိုင်ခုံတစ်လုံး နဲ့ အနည်းငယ်ပျက်စီးယိုယွင်းနေတဲ့ ကြမ်းခင်းပြင်ရယ်. .. .. ..

" ဒါ ...ဒါ ဘယ်နေရာလဲ ငါဘယ်ရောက်နေတာလဲ ငါ သေသွားခဲ့ပြီ မဟုတ်ဘူးလား? "

သူဟာ အိမ်မက်သလို စိတ်ဟာ ဇဝေဇဝါနဲ့ ထင်ယောင်ထင်မှား ဖြစ်နေခဲ့

တယ် သူ့ရဲ့နောက်ကျောဘက်ကို ပြန်ခံစားမိတယ် လက်တွေဟာလည်း ချွေးစေးထွက်ပြီး စေးကပ်နေခဲ့တယ် သူ့လက်ကို ဖြန့်ပြီးကြည့်မိတော့ သူ့ရဲ့ လက်မှာ သွေးစက်တစတလေတောင် မရှိခဲ့ပဲ ချွေးတွေနဲ့သာ စေးကပ်ပြီး နေခဲ့တာကို သူတွေ့လိုက်ရတယ် ဒါဆို နောက်ကျောဘက် စိုစွတ်မှုက ချွေးထွက်နေလို့သာ ခံစားနေရတဲ့ ခံစားချက်သက်သက်ပေါ့

" ဘာတွေဖြစ်ကုန်တာလဲ? "

" ငါ့သွေးတွေ အများကြီးဆုံးရှုံးကုန်တာလား? "

ဝိုင်အနီလိုပဲ သူ့ရဲ့သွေးတွေ နီရဲနေခဲ့တာ သူမှတ်မိနေပါတယ် ကြက်သွေးရောင်နီကျင်ကျင်အရောင်ဟာ သူ့ဘဝရဲ့ အရောင်အသွေးတွေလို မျိုးပဲ တဖြေးဖြေးပျောက်ကွယ် သွားနေတယ်

နိုင်းယန် သူ့ကိုယ်သူ ဖြစ်ညှစ်လိုက်တော့လဲ နာကျင်နေခဲ့တယ် ဒါဟာ အိမ်မက်တစ်ခု မဟုတ်ပါဘူး

" ကာအိုဇုကို လုပ်ကြံခဲ့တာဟာလည်း အိမ်မက်တစ်ခု မဖြစ်စမ်းပါစေနဲ့ "

" ငါဘာလို့ တကယ့်အစစ်အမှန် အဖြစ်အပျက်လိုပဲ ခံစားနေရတာလဲ ? "

ဒါဟာ ဇောင်ဟူး အိမ်မက်ကနေနိုးနိုးချင်း တီးတိုးပြောလိုက်တာပဲဖြစ်တယ်

" ငါဟာ လိပ်ပြာတစ်ကောင်လို့ အိမ်မက်မက်ခဲ့တဲ့ ဇောင်ဟူး လား? ဒါမှ မဟုတ် ဇောင်ဟူး ဖြစ်နေတယ်လို့ အိမ်မက်နေတဲ့ လိပ်ပြာတစ်ကောင်လား ? "

" ဘယ်ဟာက အိမ်မက် ဘယ်အရာက အစစ်အမှန်ဆိုတာ ငါဘယ်လို ဆုံးဖြတ်သိနိုင်မှာလဲ ? "

သူရဲ့ပတ်ဝန်းကျင်ကို သံသယအကြည့်နဲ့ လေ့လာလိုက်တယ် သို့ပေမဲ့လည်း ဖြေရှင်းမရတဲ့ မေးခွန်းပေါင်းများစွာကိုသာ မြင်လိုက်ရတယ်

အလင်းရောင်မှိန်မှိန်လေးထဲမှာ မသတီစရာ သစ်သားကုတင်တစ်လုံးရယ် ထိုင်ခုံတစ်လုံး စားပွဲတစ်ခုရယ် ပဲရှိတယ် နံရံဘေးမှာတော့ အဖိုးရဲ့နာရီဟောင်းကြီးတစ်လုံးရှိတယ်

အဖိုးက သူ့ရဲ့နာရီကြီးကို အရမ်းရှေးကျပြီး တန်းဖိုးမဖြတ်နိုင်တဲ့ နာရီတစ်လုံးဆိုပြီး ချဲ့ကားပြောရတာ သိပ်သဘောကျတာ

တိုင်ကပ်နာရီကြီးရဲ့ တစ် တော့ တစ် တော့ မြည်သံဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ အခန်းထဲမှာ ပဲ့တင်သံတွေထပ်နေတော့တယ် နိုင်းယန် မှတ်မိသလောက်ကတော့ ဒီနာရီကြီးဟာ ဘယ်သောအခါ ဘယ်တုန်းကမှ တစ်ကြိမ်တစ်ခါလေးတောင် မှန်ကန်တိကျမှု မရှိခဲ့ဘူးဆိုတာပဲ

တကယ်လို့သာ သူ့ရဲ့အတိတ်က မှတ်ဉာဏ်တွေဟာ ဓာတ်ပုံစာအုပ်တစ်ခုလို့ သိမ်းဆည်းထားမယ်ဆို မှတ်ဉာဏ်တွေဟာ အခုအချိန်မှာ ဖြေးဖြေးချင်းစတင်ပွင့်လာခဲ့ပြီ

" ဒီအခန်းကို ရင်းနှီးသလိုခံစားနေရတယ် ဒီအိမ်က ငါ အထက်တန်းကျောင်းတုန်းက နေခဲ့တဲ့ အိမ်မဟုတ်ဘူးလား? "

ပြတင်းပေါက်လိုက်ကာ ဟနေတဲ့နေရာကနေ နေရောင်ဟာ ဝင်ရောက်လာခဲ့တယ် အလင်းရောင်ကအရမ်းစူးတာကြောင့် သူ့မျက်ဝန်းတွေ တောင်ကျိန်းစပ်ကုန်တယ် အမှန်တရားတွေကို မြင်နိုင်ဖို့ အရမ်းစူးရှလင်းလက်လွန်းလှတဲ့ အလင်းရောင်လိုပဲ

" ငါအသက်ရှင်နေသေးတာပဲ ... "

နိုင်းယန်က သူ့ရဲ့ ညာလက်ကိုဆန့်ထုတ်လိုက်ပြီး နူးညံ့ပျော့ပျောင်းခြင်း

ကို စိုက်ကြည့်လိုက်မိတယ် မေးမိုန်ဖျော့တော့ပြီး ကျန်းမာရေးမကောင်းတဲ့ အသားအရောင်ကို သတိမထားမိခင်အထိပေါ့

" ငါ...ဒီမှာဘာတွေဖြစ်နေတာလဲ ?? .. လွန်ခဲ့ဆယ်နှစ်က ငါလား?.. မရောက်သေးတဲ့ အနာဂတ် ဆယ်နှစ်က ငါလား? .. "

နိုင်းယန် အရမ်းစိတ်ရှုပ်နေတဲ့ ပုံစံနဲ့ ခေါင်းကို ကုတ်ပြီး ရေရွတ်လိုက်တယ်

အတွေးအရှည်ကြီးကို ဆန့်ထုတ်ကြည့်လိုက်တဲ့အခါ သူ့ရဲ့မှတ်ဉာဏ်အပိုင်းအစအချို့က ပေါ်ပေါက်လာခဲ့တယ် သူတို့က တဖြေးဖြေးနဲ့ ပိုပြီးထင်ရှားလာခဲ့တယ်

အဲ့ဒီနှစ်က သူအသက် ၁၈ နှစ်ပြည့်တဲ့နှစ် ပြီးတော့ နွေရာသီကျောင်းပိတ်ရက်လဲ ဖြစ်တယ် သူ့ရဲ့မိဘတွေကတော့ အိမ်မှာရှိမနေခဲ့ဘူး အဲ့နွေရာသီက သူဟာ အပူချိန် 40 ° C ရှိပြီး သေလုမျောပါး အရမ်းဖျားနေခဲ့တယ် ကံကောင်းလို့သာ သေကံမရောက်အသက်မပျောက်ပဲ အဖျားပျောက်ကင်းခဲ့ရတယ်

အဲ့ဒီ့အချိန်က သူ့ရဲ့မိဘတွေက သူ့ကို ပိုက်ဆံအနည်းပေးပြီး ချက်ချင်းဆိုသလို နှုတ်ဆက်စကားတောင် မပြောပဲနဲ့ ထွက်သွားခဲ့ကြတယ် သူတိ်ု ဟာ အိမ်ကို ၃ လ ၄ လ တိုင်အောင်ပြန်မလာခဲ့ကြဘူး သူတို့ရဲ့ ဖုန်းတွေကိုလည်း ဆက်သွယ်လို့မရခဲ့ဘူးလေ သူ့မိဘတွေက အခုလို သဲလွန်စလေးတစ်ခုတလေတောင် မချန်ထားခဲ့ပဲ သူတို့ဟာ ပျောက်ကွယ်ခဲ့တယ်

အဲ့ဒီ့အချိန်တုန်းက သူ့ကို သူ့ရဲ့မိဘတွေက မလိုချင်တော့လို့ စွန့်ပစ်ခဲ့တာဆိုပြီး အရမ်းကို ထိတ်လန့်ကြောက်ရွံ့ခဲ့ရတယ် အမျိုးမျိုးသောစိတ်ခံစားချက်တွေက သူ့ကို စိတ်ဖိစီးမှုတွေ ပူလောင်မှုတွေပေးနေကြတယ် ဒ့ါအပြင် အဖျားကလည်း အရမ်းဖျားနေခဲ့တော့ သူ့ရဲ့နှလုံးသားအနက်ရှိုင်းဆုံး

နေရာမှာ အရမ်းကိုနာကျင်တဲ့ ဝေဒနာကိုခံစားနေရတယ် သူဟာအရမ်းပဲ သိမ်ငယ်တတ်လာပြီး လေပြေလေညှင်းတစ်ချက်တိုက်ခတ်ရင်တောင် အလွန်ပဲ ကြောက်ရွံ့ထိတ်လန့် နေတော့တယ်

ဒီလိုပုံစံနဲ့နေလာခဲ့ပြီး အသက် ၂၅ မှာ လူမှုဆက်ဆံရေးပုံစံ အနည်းငယ် ပြောင်းလဲ မှန်ကန်လာခဲ့တယ်

သူအရွယ်ရလာမှ သူ့ရဲ့မိဘတွေဟာ သူ့ကို ရည်ရွယ်ချက်တစ်ခုကြောင့် ခဏတာ စွန့်ပစ်ထားတယ်ဆိုတာကို သူသိရှိခွင့်ရမှာလား? ? ..

သူ့ရဲ့မိဘတွေဟာ သူ့တို့သူငယ်ချင်းမိသားစုတစ်ခုဆီကနေ ပိုက်ဆံချေးပြီး နယ်စပ်ဒေသမှာ မှောင်ခိုလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့တယ် အဲ့အချိန်တုန်းက တိုင်းပြည်မှာ တုန့်ပြန်မှုအားကောင်းပြီး ငွေမှင်ရောင်ရှိတဲ့ ရေဒီယို သတ္တုကြွ ပိုလိုနီယမ် ဆိုတဲ့ ရှားပါးဒြပ်စင်တစ်ခုကို အသည်းအသန် အရေးတကြီး လိုချင်နေခဲ့တယ်

ထိုဒြပ်စင်က မဟာဗျူဟာအတွက် အရမ်းအရေးကြီးတဲ့ အရင်းအမြစ်တစ်ခုဖြစ်တာကြောင့်မို့လို့ ပြည်ပပို့ကုန်အဖြစ် ကူးသန်းရောင်းဝယ်ခြင်းကို ကန့်သတ်လိုက်ပြီး သူ့တို့ကိုယ်ပိုင်အတွက် နိုင်ငံအတွက်ပဲ လျို့ဝှက်သိုလှောင်သိမ်းဆည်းထားကြတော့တယ်

ဒါပေမဲ့ ထိုဒြပ်စင်ရဲ့ ဘယ်လိုရှာဖွေတွေ့ရှိသွားတယ်မသိရပေမဲ့ နောက်ဆုံးမှာ သူတို့ဟာ အဲ့ဒီ့ သတ္တုတွေကို နိုင်ငံအစိုးရဆီမှာ မှောင်ခိုဈေးကွက်ကတဆင့် ပြန်လည်ရောင်းချခဲ့တယ် သူတို့ ဝယ်ယူတဲ့ဈေးအတိုင်း အစိုးရဆီ အကြိမ်အရာပေါင်းများရောင်းချပြီး သူတို့ဟာ ပိုက်ဆံတွေ အမြောက်အများရရှိခဲ့တယ်

ထိုအချိန်က သူတို့ရဲ့အခြေအနေက စိတ်အရမ်းဖိစီးရပြီး ရင်တုန်ပန်းတုန်ဖြစ်ချင်စရာမို့ သူ့ရဲ့မိဘတွေဟာ နိုင်းယန်ကို ဖုန်းကတဆင့်မဆက်ခဲ့တာ

ပေါ့ နောက်ပြီး သူတို့ရဲ့အရေးကိစ္စတွေအားလုံးကို နိုင်ငံတော်လျို့ဝှက်ချက် အနေနဲ့ ဖုံးကွယ်ထားရလို့လဲဖြစ်တယ် တကယ်လို့သာ သတင်း အချက်အလက် တစ်ခုတလေသာ အပြင်ကိုပေါက်ကြားခဲ့မယ်ဆို ဒါဟာ သူ တို့ကို သေသည်အထိ တွန်းပို့နိုင်တယ်လေ

အကျိုးဆက်အနေနဲ့ကတော့ နိုင်းယန်နဲ့ သူ့မိဘတွေဟာ အချင်းချင်း နားလည်မှုတွေလွဲရင်း ဘဝကိုဒီလိုပဲ ရှင်သန်လာရတယ် အဲ့ဒီ့ ကိစ္စ ဖြစ်ပွားပြီး နှစ်တွေအများကြီးကြာတဲ့အခါ သူ့ရဲ့အဖေဟာ အဖြစ်မှန်ကိုပြော ပြတဲ့အခါ နိုင်းယန်ဟာ သူတို့နှစ်ယောက်လုံးကို ခွင့်လွှတ်နိုင်ပါ့မလား ?

အဲ့ဒီ့ နှစ်က နိုင်းယန်ရဲ့အဖေဟာ ပထမဦးဆုံး ဝင်ငွေအများကြီး အမြတ်ရခဲ့တာကြောင့် သတ္တုအရည်ဖျော်စက်ရုံတစ်ခု တည်ဆောက်ခဲ့ တယ် ပြီးတော့ သူဟာ များစွာသော လုပ်ငန်းပရောဂျက် အကြီးအကြီးတွေ ကို ဦးစီးဦးဆောင်ပြီး ကုမ္ပဏီရဲ့ဂုဏ်သတင်းကို ပျံ့နှံ့အောင်လုပ်ရင်း တ ဟုန်ထိုးတိုးတက်စေခဲ့တယ် သူဟာ သူ့မိသားစုရဲ့ အကြပ်အတည်းတွေကို ပြန်လည်ဖြေရှင်းနိုင်ခဲ့ပြီး နိုင်းယန်ကိုလည်း မြို့ထဲက အထက်တန်းကျောင်း တစ်ခုကို ပြောင်းပြီးထားပေးနိုင်ခဲ့တယ်

" ဒါ ဖြစ်နိုင်လို့လား ? ငါ တကယ်ပဲ အဲ့ဒီအချိန်တွေကို ပြန်ရောက်သွားခဲ့ တာလား ? "

" အရာအားလုံးကို အစကနေတကယ်ပဲ ပြန်ပြီးဖြစ်ပေါ်လာအောင် လုပ် လို့ရသလား ? "

နိုင်းယန်ရဲ့ လက်ရှိစိတ်အခြေအနေက ဖော်ပြဖို့အရမ်းခက်ခဲနေတယ် စိတ်ချမ်းသာစရာ အံ့အားသင့်စရာတွေ နဲ့ ကြောက်ရွံ့ထိတ်လန့်မှုတွေ ရယ် ဟာ သူ့ရဲ့စိတ်ခံစားချက်တွေထဲမှာ လွှမ်းမိုးပြေးလွှားနေကြတယ်

အခုဖြစ်နေတဲ့အရာတွေက သာမန်မက်နေကြ ရိုးရိုးအိမ်မက်တစ်ခုသာ

ဖြစ်နေခဲ့လို့ နိုင်းယန်ဟာ စိတ်မသက်မသာဖြစ်ရပြန်တယ်

နိုင်းယန် အိပ်ရာထဲကဆင်းလိုက်ပြီး ပြတင်းပေါက်က လိုက်ကာစကိုဖွင့်လိုက်တယ် နေရောင်ဟာ အရမ်းစူးလွန်းလို့ အသားတွေတောင် အပူလောင်မတတ်ပဲ အဲ့ဒီ့ အထိအတွေ့အာရုံက အခုဖြစ်နေတာတွေဟာ အိမ်မက်တစ်ခုမဟုတ်ဘူးဆိုတာ ရှင်းလင်းသေချာသွားစေတယ်

သူခေါင်းကိုငုံ့ပြီး ငဲ့စောင်းကြည့်လိုက်တယ် ပြတင်းပေါက်ဘောင်ဘေးနားက စားပွဲပေါ်မှာ သူ့ရဲ့ စာအုပ်တွေကို သေသေသပ်သပ် ညီညီညာညာစီထားတယ် စက်ပစ္စည်းဆိုင်ရာ သီအိုရီစာအုပ်၊ လူအစားထိုး အလိုလျောက်ရွေ့လျား စက်ကိရိယာပြုလုပ်နည်း၊ အဆင့်မြင့် သချာ်တွဲစာအုပ် နဲ့ လူသားမှတ်ဉာဏ် ကွန်ပျူတာဆိုင်ရာစာအုပ် စသဖြင့်ပေါ့.....

နိုင်းယန် စာမျက်နှာအချို့ကို လှန်လျောကြည့်လိုက်တယ် ရင်းနှီးကျွမ်းဝင်မှုရှိတဲ့ အခန်းစာမျက်နှာတစ်ချို့က ကြည်လင်နေတဲ့ စမ်းချောင်းလေးတစ်ခုလိုပဲ အရာအားလုံးကို သေချာသိမြင်နေရတယ်

သူ့ရဲ့အတိတ်မှတ်ဉာဏ်တွေထဲမှာ ဒီအရာတွေက သူ့ကို နုပျိုစေတယ် ကြည်လင်ရွှင်လန်းစေတယ်

ဒီစာအုပ်တွေက လူငယ်တစ်ယောက် ဖြစ်သန်းခဲ့ရတဲ့ ဘဝကို ကိုယ်စားပြုနေတယ် အထက်တန်းကျောင်းမှာ သူ့ရဲ့အကြီးတန်းနှစ်ကို ရောက်ရှိပြီးတဲ့အခါ သူ့အဖေ ဦးစီးဆောင်ရွက်တဲ့ ပရောဂျက်က အောင်မြင်ခဲ့တဲ့အတွက် မြို့ထဲမှာရှိတဲ့ အထက်တန်း အခန်းတစ်ခုကို ပြောင်းရွှေ့ခဲ့တယ်

ထိုအချိန်မှစလို့ သူ့အတွက် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေဟာ အလွယ်တကူရရှိနိုင်ပြီး ပြီးပြည့်စုံနေခဲ့တယ် သူ့ကို စီးပွားရေးလုပ်ငန်းရှင်ကြီးရဲ့ ချမ်းသာကုံလုံတဲ့သားအဖြစ် ရှင်သန်လာခဲ့စေခြင်း ပျင်းရိလေးကန်ပြီး သုံးစားမရဖြစ်စေခဲ့တယ် သူအထက်တန်းပြီးချိန်မှာ သူ့ရဲ့အမှတ်တွေ

ဟာ အရမ်းနည်းနေခဲ့တယ် သူ့ရဲ့အဖေဟာ သူ့ကို နာမည်ကြီးတက္ကသိုလ် တစ်ခုမှာ ထားဖို့ ပိုက်ဆံတွေအများကြီးသုံးစွဲပစ်လိုက်တယ်

တက္ကသိုလ်ပြီးသွားချိန်မှာတော့ သူဟာတကယ်ကို ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မတတ်ခဲ့သလို သူဟာ နေ့စဥ်နေ့တိုင်း အချိန်တွေကို ရည်ရွယ်ချက်မရှိ ပျင်းရိခြင်းဖြင့်သာ ကုန်လွန်ဖြုန်းတီးပစ်ခဲ့တယ်

သူအသက် ၂၅ နှစ်ရောက်တဲ့အခါ သူ့အဖေရဲ့စီးပွားရေးဟာ ကာအိုဇ ရာစုနှစ် ဘဏ်အာမခံလုပ်ငန်း အုပ်စုရဲ့ တိုက်ခိုက်ခြင်းကို စတင်ပြီးခံခဲ့ရ တယ် သူ့အဖေရဲ့ အယုံကြည်ရဆုံး သူငယ်ချင်းမိသားစု တော်တော်များများ ဟာ ကာအိုဇုရဲ့ လာဘ်ထိုးခြင်းခံရပြီးနောက် သစ္စာဖောက်သွားကြတယ် ဒါ ကြောင့် သူ့ရဲ့ ကုမ္ပဏီဟာ ဆုတ်ယုတ်ဆုံးရှုံးမှုတွေကို အလျင်အမြန်ပဲ တစ်ခု ပြီးတစ်ခု ဆက်တိုက်ဆိုသလို တွေ့ကြုံရတော့တယ်

ငွေရေးကြေးရေးကိစ္စက နောက်ထပ်တစ်ကြိမ်ထပ်ပြီး မိသားစုအတွက် စိုးရိပ်ပူပန်စရာကိစ္စ ဖြစ်လာရပြန်တယ်

သူ့ရဲ့အဖေဟာ ဆေးတွေအလွန်အကျွံသုံးစွဲပြီး သူ့ကိုယ်သူသတ်သေခဲ့ တယ် သူ့ရဲ့အမေဟာလည်း ပူဆွေးသောကတွေကြောင့် ဖျားနာခဲ့ရပြီး နောက်ဆုံးတော့လည်း သူ့ရဲ့ယောကျာ်းနောက်ကို လိုက်သွားခဲ့တယ်

မိဘနှစ်ယောက်လုံးကို ဆုံးရှုံးလိုက်တဲ့အတွက် နိုင်းယန်ဟာ သူ့ရဲ့များစွာ သော အတန်းတွေကိုပြန်လည်လေ့လာပြီး လေ့ကျင့်ခဲ့တယ် ဒါပေမဲ့ အဲ့ဒီ့ အချိန်မှတော့ အခါနှောင်းသွားခဲ့ပြီလေ အခုမှတော့ သူ့အတွက်အခွင့်အရေး တွေအများကြီးကို ဆုံးရှုံးခဲ့လေပြီ

တစ်ချိန်က လိုချင်တောင့်တခဲ့တဲ့ သူ့ရဲ့ကိုယ်ပိုင်ကမ္ဘာလေးကို တည်ဆောက်ဖို့ ပြင်ဆင်ခဲ့တယ် ဒါပေမဲ့ ကာအိုဇုက အရင်ရန်သူရဲ့သားကို ဘယ်လိုနည်းနဲ့မှ ပြန်ပေါ်လာခွင့်ပေးမှာ မဟုတ်ဘူး ကာအိုဇုဟာ

နောက်ကွယ်ကနေ ကြိုးကိုင်ထားတဲ့အတွက်ကြောင့် ဘယ်ကုမ္ပဏီကမှ နိုင်းယန်ကို အလုပ်ပေးမခန့်ရဲကြတာကြောင့် သူမှာဘယ်ကိုမှ သွားစရာမရှိဖြစ်နေခဲ့ရတယ် ကွန်ပျူတာ ဂိမ်းမှ အချက်အလက်တို့ကိုရောင်းချပြီး သူဟာ ဝင်ငွေအနည်းငယ်ရခဲ့ပေမဲ့ အသားဟင်းတောင် ဝယ်မစားနိုင်ခဲ့ပါဘူး

နိုင်းယန်ဟာ ကယအိုဇုရဲ့ အဖိအနှိပ်ခံဘဝကနေ လွတ်မြောက်ဖို့ ဘယ်လိုကြီးကျယ်တဲ့အစီအစဉ် မျှော်လင့်ချက်မှ မရှိခဲ့ဘူး သို့ပေမဲ့ စိုးရိမ်ကြောင့်ကျမှုက ကသိကအောက်ဖြစ်စရာ စိတ်အနှောက်အယှက်ကိုပေးနေတုန်းပဲ ဒီလိုထွက်ပေါက်မရှိပိတ်မိနေတဲ့ အခြေအနေမှာ နိုင်းယန်ရဲ့ နောက်ဆုံးဆုံးဖြတ်ချက်ကတော့ ကာအိုဇုကို အပြင်ကို သူနဲ့အတူခေါ်ထုတ်လာဖို့ပဲဖြစ်တယ် ပေါက်ကွဲသွားတဲ့ ြ သေနတ်သံဟာ နိုင်းယန်ရဲ့ ခါးသီးသောမုန်းတီးခြင်း နဲ့ စက်ဆုပ်ရွံ့ရှာခြင်းတို့ကို လွှင့်စင်စေတယ်

သူ့ရဲ့ကံကြမ္မာဟာ အရမ်းပဲတောက်ပပြီး ရှင်းလင်းနေတာကြောင့် ကာအိုဇုဟာ ဘယ်တုန်းကမှ သူ့ဘဝဟာ အခုလိုအဆုံးသတ်ရလိမ့်မယ်လို့ မတွေးမထင်မိခဲ့တာပေ့ါ

နိုင်းယန်ဟာ သူ့ကိုသူသေမယ်လို့ပဲ ယုံကြည်ထားပြီး အခုလို အထက်တန်းကျောင်းရဲ့ ဒုတိယနှစ်ရဲ့ နွေရာသီအားလပ်ရက်ကို ပြန်ခေါ်သွားရင်း အချိန်ဟာ သူ့ကိုအခုလိုနောက်ပြောင်ကျီစားမယ်လို့ မထင်ခဲ့မိဘူး

သူ့ရဲ့မိဘတွေကို ဆက်သွယ်လို့မရခဲ့တာတောင် အနည်းဆုံးတော့ သူတို့အသက်ရှင်နေသေးရဲ့လားလို့ သူသိချင်မိတယ် အခုလိုတွေးတိုင်းလဲ သူ့ရဲ့မျက်လုံးထဲမှာ မျက်ရည်တွေပြည့်လာခဲ့ရတယ်

သွားလေပြီးသော မိဘတွေကို ဖြည့်ဆည်းထောက်ပံ့ပေးချင်နေတဲ့သားတစ်ယောက်ရဲ့ခံစားချက်နဲ့ နိုင်းယန်ရဲ့ရင်ထဲက ခါးသီးနာကျင်ရတဲ့ ဝမ်းနည်းကြေကွဲခြင်းတွေကို ဘယ်သူကမှ နားလည်ပေးနိုင်မှာ မဟုတ်ဘူး

လေ

ကောင်းကင်ဘုံကနေ သူ့ကိုနောက်ထပ်အခွင့်အရေးတစ်ခုပေးခဲ့ပြီ ဒီတစ်ခါတော့ သူဟာစိတ်ရှုပ်ထွေးပြီးဆုံးဖြတ်ချက်တွေကို ပြတ်ပြတ်သားသား မှားမှားယွင်းယွင်း ဆုံးဖြတ်တော့မှာမဟုတ်ဘူး

သူ့ရဲ့အဖေနဲ့ အမေ အိမ်ကိုပြန်လာဖို့ ရက်ပေါင်း ၂၀ လောက်အလိုမှာ အဲ့ဒီ့ အချိန်ဟာ နွေရာသီအားလပ်ရက်ဖြစ်ပြီး သူ့မှာရွေးချယ်စရာမရှိလို့ အိမ်မှာပဲ ထိုင်စောင့်ရင်း အချိန်ကုန်ခဲ့တယ်

အဲ့နှစ်ဟာ အထက်တန်းကျောင်း ဒုတိယနှစ်ရဲ့ ကျောင်းဒုတိယနှစ်တစ်ဝက် ပဲ တကယ်လို့သာ ငါ့မှတ်ဉာဏ်တွေ မှန်ခဲ့ရင် ပုံရိပ်ယောင် ဂိမ်းအတွက် သုံးသပ်ချက်တွေဟာ ထုတ်လွှတ်ကြော်ငြာပြီးပြီဖြစ်မယ် ဂိမ်းကို စတင် ထုတ်ဝေလိုက်တဲ့နှစ်မှာပဲ မရေမတွက်တဲ့ များစွာသော ဘဏ္ဍာရေးခိုင်မာတဲ့ လုပ်ငန်းတွေဆီကနေ ထုတ်ပြန်လိုက်တဲ့ ထင်မြင်ယူဆချက်တွေကြောင့် အောင်မြင်ထင်ရှားမှု လျင်လျင်မြန်မြန် မြင့်တက်လာခဲ့တယ် လုပ်ငန်းရှင်တွေဟာ ပုံရိပ်ယောင်ဂိမ်းကို အကြီးကျယ်တိုးတက်လာစေရန် နည်းပညာတွေ ပစ္စည်းကိရိယာတွေကို အကြီးအကျယ်ထောက်ပံ့ပေးခဲ့တယ်တကယ်တန်းကို ဒီ ဘဏ္ဍာရေးလုပ်ငန်းတွေကြောင့်ပဲ ပုံရိပ်ယောင်ဂိမ်းဟာ လူသားမျိုးနွယ်စုရဲ့ ဒုတိယကမ္ဘာအဖြစ် ထိုက်ထိုက်တန်တန်နေရာရခဲ့တယ်

မြို့လယ်ခေါင်က အဆင့်မြင့်ကျောင်းကို သူရောက်ပြီးနောက်မှာ သူ့ရဲ့အခင်ဆုံးသူငယ်ချင်းကနေ ဒီဂိမ်းအကြောင်းကို စတင်မိတ်ဆက်ပေးခဲ့တယ် အဲ့ဒီ့ အချိန်ဟာ စာသင်နှစ်တစ်ဝက်ကို ရောက်ပြီးချိန်ဖြစ်တယ် အဲ့ဒီ့ အချိန်မှာ လူတော်တော်များများဟာ အမြင့်ဆုံးအဆင့်တွေချည်းရောက်ရှိနေကြပြီ သူဟာ လက်ရည်တွေမြင့်တက်ဖို့ အမြင့်ဆုံးအဆင့်တွေ

ရောက်ဖို့ အကောင်းဆုံးအချိန်တွေကို သူ လက်လွှတ်ဆုံးရှုံး ခဲ့ရပြီးသားလေ နောက်ကျခဲ့ပြီ သူ့မှာရွေးချယ်စရာ တစ်ခုမှမရှိတော့ပေမဲ့ ဖြစ်သင့်သမျှ တတ်စွမ်းသမျှကို ကြိုးစားရင်း အမှီလိုက်ဖို့ ကြိုးစားရုံမှတပါးမရှိ

ဓာတ်ပုံစာအုပ်ထဲက ပုံဟောင်းတစ်ချို့က သူ့ရဲ့အတိတ်ဟောင်းက မှတ်ဉာဏ်တွေကို အသစ်ပြန်ဖြစ်လာစေပြီး တစ်ချိန်က သူတို့တောက်ပခဲ့ဖူးတဲ့ အရှိန်အဝါတွေကို ဖော်ထုတ်ပြနေလေရဲ့ ဂိမ်းအတွက် ကုန်ဆုံးခဲ့တဲ့ အချိန်တွေဟာ သူ့ဘဝမှာ လုံးဝမေ့မရတဲ့အချိန်တွေပါပဲ ဂိမ်းထဲကနေပဲ သူငယ်ချင်းတွေ အများကြီးနဲ့ဆုံဆည်းခဲ့ရတယ် သူ့ဘဝရဲ့ အချိန်တွေ နှစ်တွေထဲမှာ ဒီသူငယ်ချင်းတွေကြောင့်ပဲ အထီးကျန်မှု ဝေဒနာတွေကို လွန်လွန်ကြူးကြူးကြီး နာကျင်စွာမခံရခဲ့တာ

ကာအိုဇ ကို မလုပ်ကြံခင်က နိုင်းယန်ဟာ အဆင့် ၁၈၀ အထက်ရှိတဲ့ သူခိုးတစ်ယောက်ဖြစ်တယ် သူဟာ ထိပ်ဆုံးနေရာမှာ မဟုတ်သေးတော့ ကျွမ်းကျင်သူတွေကြားထဲမှာ သိပ်ပြီးမထင်ပေါ်သေးခဲ့ဘူး

အံဆွဲထဲမှာ သူ့ရဲ့ပိုက်ဆံတွေ သိမ်းဆည်းထားတဲ့ ဘဏ်ကဒ်ရှိသေးတယ် ဆိုတာ ရုတ်တရက် ပြန်မှတ်မိလိုက်တယ်

" ငါ့မှာ ပုံရိပ်ယောင်ဂိမ်း အတွက် ဦးထုပ်ဝယ်ဖို့ ပိုက်ဆံ ရှိသေးတာပဲ " နိုင်းယန် သူ့ဘာသာပြန်တွေးမိလိုက်တယ်

သူ အံဆွဲကိုဖွင့်ပြီး ပစ္စည်းတွေအကုန်လုံးကို လှန်လှောရှာကြည့်လိုက်တော့ နောက်ဆုံး ငွေဖြူရောင် ဘဏ်စာအုပ်လေးကို အံဆွဲရဲ့ထောင့်မှာ ရှာတွေ့လိုက်တယ် သူမှတ်မိသလောက်ဆို ဘဏ်စာအုပ်ထဲမှာ ပိုက်ဆံ နှစ်ထောင် ရှိရမယ် ( ၁ ကျပ်ကို ၁ ဒေါ်လာနဲ့ညီမျှတော့ သူ့ဆီမှာ သိန်း ၂၀ လောက်ရှိရမယ်)

ဒီပိုက်ဆံတွေက သူကျောင်းတက်နေစဉ်တုန်းက အဝတ်အစားတွေ နဲ့

အစားအသောက်တွေ ဝယ်စားမယ့် ပိုက်ဆံတွေကို စုထားတာဖြစ်တယ် ဘာလို့လဲဆို နောက်ဆုံးပေါ် အဆင့်မြှင့်ထားတဲ့ X3 ကွန်ပျူတာကို လိုချင်မိလို့လေ လိုတဲ့ပိုက်ဆံကို နှစ်တော်တော်ကြာ စုဆောင်းလိုက်ရပြီး တဲ့အချိန်မှာ X3 ကွန်ပျူတာက ခေတ်နောက်ကျကျန်နေခဲ့ပြီ ပြီးတော့ နိုင်းယန်အဖေဟာ စီးပွားရေးအောင်မြင် လာချိန်ဖြစ်တော့ ဒီလောက်ပိုက်ဆံလေးက ဘာမှမပြောပလောက်တော့ဘူး နိုင်းယန်ရဲ့ အဖေဟာ သူတောင်းဆိုသမျှ အားလုံးကို ဖြည့်ဆည်းပေးခဲ့တယ် သူသာတစ်ခုခုတောင်းဆိုကြည့် ဝယ်လို့ရတဲ့အရာမှန်သမျှ ချက်ချင်းတန်းပြီးရစေတယ်

နိုင်းယန်ဟာ အသက်၁၈ နှစ်ပြည့်တဲ့အချိန် ဖြစ်သော်လည်း သူ့ရဲ့ ဝိညာဉ် ကတော့ ၂၈ နှစ်အရွယ်ပဲ ဖြစ်နေတယ် အရာအားလုံးကို အစကနေပြန်စရမယ် အခုကနေစပြီးတော့ သူ့ရဲ့ဘဝ သင်ခန်းစာအသစ်ကို စတင်ဖွင့်လှစ်ရတော့မယ် သို့ပေမဲ့ အရင်းအနှီးနဲ့ ငွေအလုံးအရင်းသာမရှိရင် သူ ဘယ့်အရာကိုမှ သေသေချာချာ ပြီးမြောက်နိုင်မှာ မဟုတ်ဘူး ဒါကြောင့် သူဟာ ရှေးယခင်က ဂိမ်းဆော့ဖူးတဲ့ အတွေ့အကြုံကိုအသုံးချပြီး ကျွမ်းကျင်တဲ့ ဂိမ်းဆော့သူတစ်ယောက်ဖြစ်လာခဲ့တယ် ဂိမ်းကနေ ဝင်ငွေအနည်းငယ် ရခဲ့တယ်

ဂိမ်းရဲ့ ခေါင်းဆောင်းတွေ စပြီးရောင်းခါစက ဈေးကွက်ထဲ တွင်တွင်ကျယ်ကျယ် နဲ့ ရောင်းအားကောင်းအောင် ဈေးချိုချိုနဲ့ ရောင်းပေးခဲ့တယ် မော်လ်ဒယ် နံပါတ်က A,B, နဲ့ C ဆိုပြီး သုံးခုရှိတယ် .ပုံရိပ်ယောင်ဂိမ်းခေါင်းဆောင်းတွေရဲ့ အဆင့်တွေဟာ ၇၆ ရာခိုင်နှုန်းကနေ ၉၈ ရာခိုင်နှုန်းထိ ကွာခြားတယ် ၁၃၀၀ တန်အကြွေးဝယ်ကဒ်တစ်ခုနဲ့ဆို ဈေးအပေါဆုံး ခေါင်းစွပ်တစ်ခု ဝယ်နိုင်ဖို့ လုံလောက်ပါတယ် နိုင်းယန်မှာ စုဆောင်းထားတဲ့ ငွေနဲ့ဆို အနိမ့်ဆုံး မော်လ်ဒယ်ကို ဝယ်ဖို့လုံလောက်တယ်

ဂိမ်းထဲမှာပါတဲ့ ပစ္စည်းတွေ အသုံးအဆောင်တွေကို သူသေချာမှတ်မိနေခြင်းကြောင့် အကယ်၍သာ အစကနေပြန် ကစားမယ်ဆိုရင်တောင် အရမ်းခက်ခဲမှာ မဟုတ်သလို ကြိုးစားခြင်းရဲ့ရလဒ်ကောင်းတွေကို လည်း သူရရှိနိုင်ပါတယ်

ဘဏ်ကဒ်ကို သူ့အိတ်ကပ်ထဲ ထည့်ရင်း စားပွဲအစွန်းက အထူးပြုသင်္ချာစာအုပ်ကို စောင်းငဲ့ကြည့် လိုက်တယ်

ဘုရားက ကယ်မလိုက်သလိုပဲ စာအုပ်က လှုပ်ပြီး အထဲကနေ ဒေါ်လာတစ်ရာ ထွက်ကျလာခဲ့တယ် အဲ့ဒီ့ အချိန်ခဏ သူ့ရဲ့အတွေးထဲမှာ အတွေးပေါင်းများစွာ စဉ်းစားစရာပေါင်းများစွာ ပေါ်ပေါက်လာခဲ့တယ်

ဆုန်ရာအိုနဲ့ သူနဲ့ ပထမဆုံးတွေ့ဆုံတဲ့နေ့က ဒီနေ့ပဲဆိုတာ သူပြန်မှတ်မိလိုက်တယ် သူ ဒေါ်လာတစ်ရာကိုယူပြီး ဆေးခန်းမှာ ဆေးဝယ်ဖို့အတွက်အိမ်ကထွက်လာခဲ့လိုက်တယ်

ဆုန်ရာအိုက သူအထက်တန်းကျောင်း အကြီးတန်းနှစ်မှာ သူနဲ့ အတန်းတစ်တန်းထဲ ပြီးတော့ အတန်းထဲမှာ အလှဆုံးမိန်းကလေးတစ်ယောက် သူ့ရဲ့အရင်က ဘဝအစိတ်အပိုင်းအချို့ကို ပြန်တွေးကြည့်တဲ့အခါ သူ့ရဲ့စိတ်တွေတုန်လှုပ်မှုမရှိပဲ ပြန်တွေးကြည့်မရအောင် ဖြစ်နေရတယ်

ဆယ်စုနှစ်တစ်ခုနီးပါး ဖြတ်သန်းပြီးတဲ့အခါ ဆုန်ရာအို နဲ့ လီယုရီ တို့ဟာ လူသိရှင်ကြားချစ်သူတွေ ဖြစ်သွားကြပြီး အရမ်းကိုကြည်နူးပျော်ရွှင်နေကြတာပေါ့ သူ နဲ့ ဆုန်ရာအို ဟာ ဖုန်းကနေ အကြိမ်ပေါင်းများစွာ ဆက်သွယ်ပြီးမှသာ သူမဟာ နည်းနည်းလေးတောင် ပျော်ရွှင်မှုမရှိခဲ့ရဘူးဆိုတာကို သူသိရှိခဲ့မှာလား သူ့ရဲ့ အထက်တန်းကျောင်း အကြီးတန်းနှစ်မှာ ဖြစ်ပျက်ခဲ့သမျှဟာ သူတို့နှစ်ယောက်အတွက် စိတ်ညစ်စရာများဖြစ်စေမလား

သူသာ သတ္တိအနည်းငယ်ရှိခဲ့ပြီး ဆုန်ရာအိုရဲ့ ရှေ့ ရှိုးတို့ရှန်းတန်းမဖြစ်ပဲ

နဲ့ သာဆိုရင် သူ့အတွက်အခွင့်အလမ်းအနည်းငယ် ရနိုင်ခဲ့မှာပဲ

တခါတရံမှာ တချို့သော ဆုံးဖြတ်ချက်တွေဟာ တစ်ဘဝစာအတွက်ဖြစ်သွား နိုင်ပြီး အချိန်တိုင်း နောင်တရစရာတွေအဖြစ် ရှိနေတတ်ပေမဲ့ ဘယ်တော့ပြန်ပြင် လို့မရတော့တာမျိုးတွေ ဖြစ်နေတတ်တာမျိုး

အဲ့ဒီ့ အချိန်တုန်းကဆို ဆုန်ရာအို ဟာ အဖြူရောင်စကတ်လေးတွေကို ဝတ်ရတာ အရမ်းသဘောကျလေ့ရှိတယ် ဖြူစင်လှပတဲ့ သူမရဲ့အလှဟာ နိုင်းယန် ရဲ့ နှလုံးသားထဲမှာ အနက်ရှိုင်းဆုံး စွဲထင်ကျန်နေတယ် ဒီလို ခံစားချက်မျိုးဟာ ညနေခင်းပိုင်းမှာ ဟိုးအဝေးကြီးကနေ သာယာငြိမ့်ညောင်းတဲ့ ပုလွေသံလေးကိုကြားနေရသလို သာယာကြည်နူးပြီး စိတ်ငြိမ်သက်နေရသလိုမျိုး

နိုင်းယန် နာရီအိုကြီးကို လှမ်းကြည့်မိတော့ နာရီလက်တံဟာ ၃ နာရီကို ညွှန်ပြနေတယ် အခု အချိန်လုံလုံလောက်လောက်ကျန်သေးတာပဲ သူ ဒေါ်လာတစ်ရာကိုကောက်ယူပြီး လှေကားကနေပြေးဆင်းပြီး အိမ်အပြင်ကို ပြေးထွက်ခဲ့တယ်

သူတို့မိသားစုတတွေဟာ သစ်ပင်တွေနဲ့ညှို့မှိုင်းနေတဲ့ ဆင်ခြေဖုံးဒေသမှာ နေထိုင်ကြတယ် ဟောင်းနွမ်းနေတဲ့လမ်းတွေက အရမ်းကြီးမကျယ်ပေမဲ့ လမ်းပေါ်ကဖုန်တွေဟာ လေတိုက်လိုက်တိုင်း အလုံးလိုက်အထွေးလိုက် လွင့်ပါလာတတ်ပြန်တယ် မျှော်လင့်ထားတာတွေနဲ့ ဆန့်ကျင်ဘက်ပါပဲ လမ်းရဲ့ဘေးဘက် ဘယ်ညာမှာ သစ်ပင်တွေမြောက်များစွာ စီတန်းစိုက်ပျိုးထားတာကြောင့် အရမ်းပူလောင်နေတဲ့ နေရောင်ခြည်ရဲ့ အပူဒဏ်ကို ကာကွယ်ရင်း သူ့ရဲ့ပတ်ဝန်းကျင်နဲ့ အောက်ဘက်အပင်တဝိုက် မြေပြင်ကို အေးမြစိမ်းလန်းနေစေတယ်

နေ့လည်နေ့ခင်း နေရောင်ခြည်ဟာ အရမ်းကိုပူလောင်လွန်းတာကြောင့်

လမ်းပေါ်မှာ လမ်းသွားလည်း တစ်ယောက်မှမရှိခဲ့ဘူး ကားတွေတောင် အနည်းပဲတွေ့ရပြီး တစ်စီးပြီးတစ်စီးကို အရမ်းကြာလွန်းလှတယ် တခါတရံမှ တစ်စီးတလေကို သာဖြတ်သွားဖြတ်လာ မြင်လိုက်ရတယ်

အရင်တုန်းက အတိတ်မှာ နိုင်းယန်ဟာ ဒီမြို့ကို အရမ်းမုန်းတီးခဲ့တယ် သို့သော်လည်း သူပြန်လည်မွေးဖွားပြီးနောက်ပိုင်း ဒီနေရာရဲ့စိမ်းလန်းညို့မှိုင်းတဲ့ ပတ်ဝန်းကျင်ကို ပြန်တွေ့ရတဲ့အခါ သူ့ရဲ့စိတ်ထဲမှာ မုန်းတီးစိတ် လုံးဝမဖြစ်ခဲ့ဘူး ဆန့်ကျင်ဘက်အနေနဲ့ သူ့စိတ်ဟာ ဒီနေရာကို စိတ်ထဲမှာ သူအသက် ၁၈ နှစ်မှာ ကျင်လည်နေထိုင်ခဲ့ရတဲ့ ရင်းနှီးလိုက်လှဲတဲ့ ပျော်ရွှင်မှုကို ခံစားရတယ်

နိုင်းယန့်ဟာ အသက် ၂၅ နှစ်မရောက်ခင်အထိ ကြောက်ရွံ့ တွန့်ဆုတ်ပြီး အားနည်းတဲ့ သူတစ်ယောက်အဖြစ် ရှင်သန်လာခဲ့တယ် ဒီလိုဖြစ်ရခြင်းဟာ သူ့ရဲ့အရင်နှစ်တွေမှာ နေထိုင်ခဲ့ဖူးတဲ့ ပတ်ဝန်းနဲ့ လုံးဝကို ဆက်စပ်ပတ်သက်မှုမရှိပါဘူး

သူဟာ မြို့ငယ်လေးက လူငယ်လေးတစ်ယောက် သူ့ရဲ့မိသားစုဟာ ရုတ်တရက် ချမ်းသာလာတာကြောင့် မြို့ပေါ်က အဆင့်မြင့်ကျောင်းကို ရွှေ့ပြောင်းပေးခဲ့ရတယ် ပုံမှန်အတိုင်း သူ့ရဲ့အထက်တန်းကျောင်း ပထမနှစ် နဲ့ ဒုတိယနှစ် မှာ ထူးထူးခြားခြား စောင့်ကြည့်ခြင်း ခံခဲ့ရတယ် သို့သော်လည်း အဆုံးသတ်မှာ လုံးဝကို ပြောင်းပြန်ဖြစ်ခဲ့ရတယ် သူဟာ မကြာခဏဆိုသလို သူ့ရဲ့ အပေါစားအဝတ်အစားတွေကြောင့် ရယ်စရာအလုပ် ခံရလေ့ရှိတယ် ဒီလိုအဖြစ်အပျက်တွေအပြင် နွေရာသီမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်က သူ့ကို သူ့ကိုယ်သူ တန်ဖိုးထားချင်စိတ်တွေ လျော့ပါးသွားစေပြီး ရုပ်ပိုင်းဆိုင်ရာ မလုံခြုံမှုတွေကိုလည်း ဖြစ်စေခဲ့တယ်

သူ ပတ်ဝန်းကျင်အသစ်ကို ပြောင်းရွှေ့ခဲ့တော့ သူ့ရဲ့ စိတ်မလုံခြုံမှုနဲ့ ရှက်ကြောက်တွန့်ဆုတ်မှု ကိုလည်းဖြစ်စေခဲ့တယ် ဒီလိုဖြစ်လာခြင်းကြောင့် သူဟာ ဘယ်တော့မှ ဘယ်သူနဲ့မှ ဘယ်လိုအရာနဲ့မှ အံဝင်ခွင်ကြဖြစ်လာ မဟုတ်တော့သလိုပဲ သူ့မှာ သူငယ်ချင်းကောင်းတွေသာ တော်တော်များများ ရမလာခဲ့ဘူးဆိုရင် သူ့ရဲ့အခြေအနေဟာ စိတ်ကျန်းမာရေး ဝေဒနာကို ခံစား ရတော့မည့် ပုံစံဖြစ်နေခဲ့ပြီ

သို့သော်လည်း ဒါဟာ အတိတ်မှာကျန်နေခဲ့ပါပြီ ယခုလောလောဆယ် တော့ သူလည်း ဘယ်ကမှမမျှော်လင့် ခဲ့သလို သူ့တစ်ဘဝစာ ဖြတ်သန်းပြီး မှ အခုတော့ အရာအားလုံးကို အစကနေပြန်စနေရပြီ ဒီတစ်ခါတော့ သူဟာ သူ့ကိုယ်သူ ကတိပေးလိုက်တယ် သူအရင်က လုပ်ခဲ့တဲ့အမှားလို အခု နောက်တစ်ကြိမ် ဘယ်တော့မှလုပ်မှာ မဟုတ်ဘူးလို့လေ

နိုင်းယန် ဟာ ဆေးခန်းဆီကို ခြေကုန်သုတ်ပြေးခဲ့တယ်

ပတ်ဝန်းကျင်က အဆောက်အဦးတွေဟာ ဟောင်းနွမ်းစုတ်ပြန်နေပြီး လူသူလေးပါးရှိပုံလဲ မပေါ်ပါဘူး ဆင်ခြေဖုံးမြို့ပြရပ်ကွက်တွေ ပေါ်ပေါက် လာခဲ့တော့ လူတွေဟာ သူတို့ နေအိမ်ကနေ လူသူထူထပ်တဲ့ မြို့ပြ ဆင်ခြေဖုံးရပ်ကွက်တွေကို ရွှေ့ပြောင်းနေထိုင်ခဲ့ကြတယ် ဒါကြောင့် ဒီမြို့ ငယ်လေးထဲက နေရာတစ်ချို့မှာ ဘူသူကင်းမဲ့ပြီး တဖြည်းဖြည်းနဲ့ လူဦးရေ လည်း နည်းပါးလာခဲ့ရတယ် နှစ်တရာလောက်ကြာရင်တော့ ဒီနေရာကြီး ဟာ ရှင်းလင်းဖြိုဖျက်ခံရပြီး မြေအလွတ်ကြီးအဖြစ် ပြန်ဖြစ်သွားဦးမှာပဲ

ဒီနေရာမှာ ကျောင်းရှိခဲ့ပြီး အခြားတစ်ဖက်မှာတော့ စူပါမတ်ကတ် ကြီးရှိ ခဲ့တယ် ဒီနေရာနဲ့ ရင်းနှီးတဲ့ မြင်းတစ်ကောင်လိုပဲ လမ်းကြောတွေကို သိနေ ခဲ့တယ် နိုင်းယန်ဟာ ပတ်ဝန်းကျင်ကို တရင်းတနှီးကြည့်လိုက်ပြီး သူ့ရဲ့စိတ် ထဲမှာလည်း အကောင်းမြင်စိတ်တွေ ဖြစ်လာခဲ့တယ်

" ငါ နောက်ပြန်ရောက်ခဲ့ပြီ ငါတကယ်ကို အချိန်နောက်ပြန် ရောက်လာခဲ့ပြီ "

အတိတ်တုန်းကဆို သူဟာ သူ့ရဲ့ မမျှတတဲ့ကံကြမ္မာကြောင့် ခါးသီးစိတ် မုန်းတီးစိတ်တွေပဲ ဖြစ်နေခဲ့တယ် ဒါပေမယ့် အခုတော့ သူဟာ ကောင်းကင်ဘုံကို ကျေးဇူးတွေတင်နေခဲ့တယ်

" ငါ အခု အရာအားလုံးကို အစကနေပြန်စရတော့မယ် ဒီတစ်ကြိမ်တော့ ငါ တိကျမှန်ကန်အောင် ဆုံးဖြတ်တော့မယ် "

ဒီစကားတွေကို သူ့ရဲ့ရင်ထဲမှာ မဖော်ပြနိုင်လောက်အောင် ကြည်နူးနေတဲ့ စိတ်တွေနဲ့ အကျယ်ကြီး အော်ဟစ်ပစ်လိုက်ချင်ခဲ့တယ်

***